# ဤကျမ်းကို မရှုစားမီ

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၁) ကို ယခင်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၀) ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန် စီစဉ်ပြုစုထားပါသည်။

ဤကျမ်းသည် ၂၀၂၀ ပြည့်နှစ်အတွင်းထင်ရှားသည့်အဖြစ်အပျက်အချို့ကိုပြုစုပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၂) ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းကို စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီး သုံးပိုင်းခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၂၀ ပြည့်နှစ်အတွင်း ထင်ရှားသော ဖြစ်ရပ်များကို မြန်မာ့သတင်းစဉ်၊ သတင်းလွှာများနှင့် ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ဖလမ်းဆူရ်ဘုန်လေဆိပ်၊ မြို့မကျောင်းရာပြည့်ပွဲတော်၊ ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင်၊ လူသားနှင့်ကပ်ရောဂါများ ဟူသည့် အကြောင်းအရာတို့ကို စုစည်းတင်ပြထားပါသည်။ ဒုတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျွမ်းကျင်သူ ပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ တတိယပိုင်းတွင် ဖော်ပြထားသော အကြောင်းအရာများသည် ၂၀၂၀ ပြည့်နှစ်၌ ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အကြောင်းအရာများ ဖြစ်ပါသည်။ ဤအကြောင်းအရာများကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ အကြောင်းအရာများကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြရာတွင် နှစ်စဉ်ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များနည်းတူ ၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနှင့်နိုင်ငံတကာတွင် ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းအရာများတွင် အညွှန်းများကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ညွှန်းလျှင် စာအုပ်အမည် (ဥပမာ-စွယ်စုံနှစ်ချုပ် ၂၀၂၀) နှင့် စာမျက်နှာ အမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခု ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှ ၂၀၂၀ ပြည့်နှစ်ပါ အကြောင်းအရာများနှင့် ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းအရာနှင့် ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၁)

## မာတိကာ


| | | |
|---|---|---|
| ဤကျမ်းကို မရှုစားမီ | | |
| အပိုင်း (၁) | | |
| ၂၀၂၀ ပြည့်နှစ် ဖြစ်ရပ်များ | | ၁-၃၆ |
| အပိုင်း (၂) | | |
| ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ | ဦးစိုင်းကျော်သူ | ၃၉-၄၂ |
| ဖလမ်း ဆူရ်ဘုန် လေဆိပ် | မောင်ကြင်နာ | ၄၃-၄၈ |
| မြို့မကျောင်း ရာပြည့်ပွဲတော် | မောင်မိုးယံ | ၄၉-၅၂ |
| ရန်ကုန်တက္ကသိုလ်ရာပြည့်သဘင် | ဒေါက်တာအောင်မြင့်ဦး | ၅၃-၆၆ |
| လူသားနှင့် ကပ်ရောဂါများ | ဒေါက်တာအေးကျော် (ဆေးသုတေသန) | ၆၇-၇၄ |
| အပိုင်း (၃) | | |
| ၂၀၂၀ ပြည့်နှစ် အကြောင်းရပ်များ (အက္ခရာစဉ်) | | ၇၇ |
| အက္ခရာစဉ်အညွှန်း | | ၂၀၇ |